# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
# အခြေခံပညာဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် ( ၇၇ )
# သင်တန်းဝင်ညွှန်ကြားလွှာ

## တည်နေရာ၊ သင်တန်းကာလနှင့် သတင်းပို့ရမည့်နေ့

၁။ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၇) ကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာအနီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ရက်သတ္တ(၅)ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ရောက် ရမည့်သူများသည် **၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက် (သောကြာနေ့) မွန်းလွဲပိုင်း (၁၈:၀၀)နာရီ** နောက်ဆုံးထား၍ရောက်ရှိ သတင်းပို့ကြရမည်။

## ရည်ရွယ်ချက်

၂။ (က) နိုင်ငံ့ဝန်ထမ်းဆရာ၊ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်လာစေရန်၊

( ခ ) အခြေခံပညာရေးနှင့်စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊

( ဂ ) ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန်။

## သင်တန်းသားအရည်အချင်းသတ်မှတ်ချက်

၃။ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မူလတန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြ၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းပြဆရာ၊ ဆရာမများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများ တက်ရောက်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါပုဂ္ဂိုလ်များအား **လုံးဝ (လုံးဝ) စေလွှတ်ခြင်း မပြုရန်** ဖော်ပြအပ်ပါသည် -

(က) ဆေးအဆင့်မမီသူများ (ဥပမာ-ကူးစက်ရောဂါ၊ စိတ်ရောဂါ၊ ကင်ဆာရောဂါ၊ အရေပြားရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ခြေ၊ လက်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း ခွဲစိတ်ကုသထားသူများနှင့်ဆေးထောက်ခံချက်တွင် Unfit For Training) ဖြစ်နေသူများ၊

( ခ ) COVID-19 ကာကွယ်ဆေး(၂)ကြိမ်မထိုးရသေးသူများ၊

